


ကိုန္ဒရီလစဉ်
မင်းမြတ်သူရ
ဆင်စွယ်နန်းရှင်
ပန်းချီ
ဇမ္ဗူမင်း


တစ်နေ့.သဉ္ဈမြန်မာပြည်အထက်ပိုင်းဟူးကောင်းလွင်ပြင်ဒေသ၏ တောစပ်
တစ်နေရာတွင်လူငယ်တစ်ဦးသည်တောဆင်ရိုင်းနားကိုယဉ်ပါးအောင်
ချော့မြူရသည့်ဆော်ဘိုင်သီချင်းကိုဆွဲဆွဲငင်ငင်သီဆိုနေလေသည်။


တစ်နေ့ သည့်မြန်မာပြည်အထက်ပိုင်းဟူးကောင်း
လွင်ပြင်ဒေသ၏ တောစပ်တစ်နေရာတွင်လူငယ်
တစ်ဦးသည်တောဆင်ရိုင်းများကိုယဉ်ပါးအောင်
ချော့မြူရသည့်ဆောက်ဘိုင်သီချင်းကိုဆွဲဆွဲငင်ငင်
သီဆိုနေလေသည်။
ထိုသို့သီဆိုပြီးနောက်လူငယ်သည်အနီးတွင်
ရှိသောကြိုးခွေကိုယူပြီးတိုင်ငုတ်တစ်ခုဆီ
ပစ်ကာကြိုးကွင်းပစ်လေ့ကျင့်ခန်းပစ်ခိုင်းပြန်
သည်။
အတန်ကြာအောင်လေ့ကျင့်ပြီးသောအခါမြက်ခင်းပေါ်တွင်ပက်
လက်လှန်ကာအနားယူရင်း...
အင်းမငွေ့ဂျစ်လေ့ကျင့်ရတာတော့မဆိုးပါ
ဘူး၊ဒါပေမဲ့တစ်ကယ်တော့ပစ်မှတ်ကငြိမ်သက်နေတာ
မဟုတ်ဘူး၊အင်းလေငါကိုယ်တိုင်ကလဲလှုပ်ရှား
နေတာပဲဟာ
မငွေ့ဂျစ်ဆိုသည်မှာဆင်ကိုကြိုးကွင်းစွပ်
ဖမ်းရန်လေ့ကျင့်ခြင်းကိုဆိုလိုသည်။
ဆင်ယဉ်ကိုစီးနင်းကာဆင်ရိုင်းကိုဖမ်း
ရခြင်းဖြစ်သဖြင့် အန္တရာယ်များရသည်။
လူငယ်သည်အနားယူပြီးနောက်ရွာသို့
ပြန်ခဲ့သည်။


သူ့တဲလေးသည်ရွာအလွန်တွင်ရှိသည်။မနီးမဝေးတွင်လည်းဆင်စခန်းရှိလေသည်။ထို့ကြောင့်အိမ်မပြန်သေးဘဲစခန်းသို့သွားကာသူ့စွယ်စုံဆင်ကြီးကိုကြည့်လေသည်။ဆင်ကြီးကသူ့ကိုနှာမောင်းမြှောက်ကာနှုတ်ဆက်လေသည်။
ဟူးကောင်းလွင်ပြင်တွင်ကျွဲနွားရှားသဖြင့်ရွာသားများသည်ဆင်များကိုဖမ်းကာယဉ်အောင်လေ့ကျင့်၍လယ်ယာစိုက်ပျိုးရေးတွင်ထွန်ယက်ရာ၌အသုံးပြုကြလေသည်။


အတန်ကြာအောင်လေ့ကျင့်ပြီးသောအခါလူ
ငယ်လေးသည်တဲသို့ပြန်လာခဲ့သည်။သူ့အ
ဖိုးသည်ထိုဒေသတွင်အတော်ဆုံးဆင်ဖမ်း
သမားဖြစ်ကာအသက်ဖ၀အထိဆင်ဖမ်းခဲ့သူ
ဖြစ်သည်။မိလာရှိကာဦးအိုက်ပန်ဟုနာမည်
ကြီးသူဖြစ်သည်။
လူငယ်သည်အောက်ပြည်အောက်ရွာရှိဘုန်း
ကြီးကျောင်းတစ်ကျောင်းတွင်ကျောင်းသား
အဖြစ်နေထိုင်စဉ်သားသမီးမရှိသောအဘိုး
မွေးစားရန်ခေါ်လာခဲ့ခြင်းဖြစ်သည်။သူသည်
ငယ်စဉ်ကပင်အဘိုး၏အတွေ့အကြုံများပြန်
ပြောသည်ကိုနားထောင်ကာဆင်ဖမ်းရန်ဝါ
သနာထုံခဲ့လေသည်။


လူငယ်သည်အောက်ပြည်အောက်ရွာရှိဘုန်းကြီးကျောင်း
တစ်ကျောင်းတွင်ကျောင်းသားအဖြစ်နေထိုင်စဉ်သားသ
မီးမရှိသောအဘိုးကမွေးစားရန်ခေါ်လာခဲ့ခြင်းဖြစ်သည်။
သူသည်ငယ်စဉ်ကပင်အဘိုး၏အတွေ့အကြုံများပြန်
ပြောပြသည်ကိုနားထောင်ကာဆင်ဖမ်းရန်ဝါသနာထုံခဲ့
လေသည်။


အဘိုးအလုပ်ကားတောဆင်ရိုင်းများကို
ဖမ်းဆီးကာပြန်လည်ရောင်းချခြင်းဖြစ်၏။
ဝေလှအားဆင်ဖမ်းသမားဖြစ်ရန်ငယ်စဉ်က
ပင်လေ့ကျင့်ပေးခဲ့သည်။သူ့အတွေ့အကြုံ
တွေထဲမှအိန္ဒိယနယ်စပ်တွင်စွယ်စုံဆင်ကြီး
ဖမ်းခဲ့ရပုံကိုထိုနေ့ကအဘိုးကအမှတ်တရ
ပြန်ပြောပြခဲ့သည်။
အဲဒီစွယ်စုံဆင်ကြီးကသူတို့အရပ်
ဒေသမှာသောင်းကျန်းလွန်းလို့ဘယ်မုဆိုးမှ
မဖမ်းရဲဘူးဖြစ်နေတယ်ကွ၊ဆင်ကြီးကို
နတ်ဘုရားဝိညာဉ်ပူးကပ်နေတယ်ဆိုပြီး
ဆင်ပစ်မုဆိုးတွေကလည်း
မပစ်ရဲဘူးဖြစ်နေတယ်တဲ့။


မဟာရာဇာပိုင်တဲ့ဂူရီဆင်ကြီးနဲ့ ငါဒီဆင်ကိုဖမ်းဖို့ အခွင့်အရေးရလိုက်တယ်။ဒီစွယ်စုံဆင်ကြီးရဲ့ အနှောင့်အယှက်ခံရလို့ သူ့ ငယ်သားတစ်ဦးသေသွားတဲ့အတွက်၊လက်စားချေချင်လို့ သမီးတော်ကခွင့်ပြုခဲ့တာပဲ။
ငါလဲတောထဲဝင်ပြီးဒီစွယ်စုံဆင်ကြီးကိုခြေရာခံရတယ်။ဒီစွယ်စုံဆင်ကြီးကအုပ်နဲ့ မနေဘဲတစ်ကောင်တည်းနေတာဆိုတော့ ခြေရာခံရခက်တယ်။ဒီလိုနဲ့ တစ်ပတ်လောက်အကြာတောထဲမှာဆာဓုကြီးတစ်ပါးနဲ့ သွားတွေ့တယ်။


ဆာဒူးကြီးကငါ့ကိုလက်လျှော့ပြန်ဖို့ပြောတယ်။ဒီဆင်ကြီးကသူ့လမ်းသူသွားဖို့အချိန်တန်ပါပြီတဲ့။ကျုန်ုပ်စကားကိုနားမထောင်ရင်သင်လဲဆိုးဝါးတဲ့ကံကြမ္မာနဲ့တွေ့ရလိမ့်မယ်လို့ပြောတယ်။
ဒါပေမဲ့ငါဟာသူ့စကားကိုနားမထောင်ဘူး။နောက်ရက်မှာပဲငါဒီစွယ်စုံဆင်ကြီးကိုတွေ့တယ်။ဒီဆင်ကြီးကထွက်မပြေးဘဲဝင်တိုက်လို့ငါစီးလာတဲ့ဂူဂီဆင်ကြီးနဲ့အပြင်းအထန်တိုက်ခိုက်ကြတယ်။အဲဒီအချိန်မှာပဲငါဟာအလစ်မှာစွယ်စုံဆင်ကြီးကိုကြိုးကွင်းနဲ့ပစ်ဖမ်းနိုင်ခဲ့တယ်။


နောက်တော့ စွယ်စုံဆင်ကြီးပြေးတဲ့နောက်ကိုငါလဲဝူဂီဆင်ကြီးနဲ့မျှောလိုက်နေရတယ်။ငါစီးတဲ့ဆင်ကြီးကလဲမောလုပြီ။အဲဒီအချိန်မှာတောထဲမှာဆာဒူးနဲ့ပြန်တွေ့ရတာပဲ။ဆာဒူးကသင်ဟာမိုက်မဲတဲ့သူပဲ။ဒါကြောင့်နှစ်ပေါင်း၂၀ပြည့်တဲ့နှစ်မှာဆိုးဝါးတဲ့ကံကြမ္မာနဲ့ဆုံရလိမ့်မယ်။


ပြီးတော့ဆင်ရိုင်းကြီးကိုကြည့်ပြီး
သင်ဟာကျိန်စာသင့်နေတဲ့ တိရစ္ဆာန်ဆက်
ပြေးဖို့မကြိုးစားနဲ့၊မလွတ်ဘူး။သင့်ရဲ့နောက်ဆုံး
အချိန်ရောက်ပြီလို့ပြောခဲ့တယ်။အဲဒီအချိန်ကစ
ပြီးဒီဆင်ရိုင်းကြီးဟာငါ့ခေါ်ရာအသာတ
ကြည်လိုက်လာခဲ့တယ်။


ဒါပေမဲ့ထူးဆန်းတာကသူ့မှာသေလောက်တဲ့ဒဏ်ရာလဲမရဘဲနဲ့ ဆင်စခန်းကိုရောက်ပြီး (၃)ရက်မြောက်တဲ့နေ့မှာသေဆုံးသွားတယ်။
အဲဒီဆင်ကြီးကအရွယ်ကောင်းပဲ။သေရမယ့်အရွယ်မဟုတ်ဘူး။ဆာဒူးကြီးရဲ့သူ့ရဲ့နောက်ဆုံးအချိန်ရောက်ပြီဆိုတဲ့စကားဟာမှန်သွားတာပေါ့။
ဆာဒူကြီးပြောခဲ့တာနောက်စကားတစ်ခွန်းကျန်သေးတယ်လေအဘိုး။သင့်ရဲ့နောက်ဆုံးအချိန်ဟာလဲနောက်အနှစ် ၂၀ဆိုရောက်မယ်ဆိုတာလေ။အဘိုးဒီဆင်ကြီးကိုဖမ်းခဲ့တာဘယ်နှစ်နှစ်ရှိပြီလဲ။
ငါတောင်မေ့နေတယ်ကွ။မင်းပြောလို့တွက်ကြည့်ရဦးမယ်။အဲဒီနေ့ကဖေဖော်ဝါရီလာစကွ


ထူးဆန်းစွာပင်ထိုနေ့မှာ၁၉၂၀ဖေဖော်ဝါရီလ၁၇ ရက်ဖြစ်နေလေရာမနက်ဖြန်တွင်အနှစ်၂၀ပြည့်ပေတော့မည်။
ဒီတစ်ခါတော့ဆာဒူးကြီးရဲ့စကားက လွဲပြီပေါ့ကွာ၊ငါဟာဒီအရွယ်အထိသိပ်ကျန်း မာနေတာမင်းအမြင်ပဲ၊ပြီးတော့တိုက်တိုက်ဆိုင်ဆိုင် ၆၀ပြည့်တဲ့မွေးနေ့ပဲ။အဲဒီ နေ့မှာငါလဲအန္တရာယ်မကင်းတဲ့ဆင်ဖမ်းသမားအ လုပ်ကိုစွန့်လွှတ်တော့မယ်လို့ဆုံးဖြတ် ထားတယ်။


နောက်နေ့သူနိုးလာသောအခါအဘိုးဟာ
ကောင်ညှင်းပေါင်းနဲ့ဆတ်သားခြောက်စား
ဖို့အဆင်သင့်ပြင်ထားတာတွေ့ရတယ်။
သူကောက်ညှင်းပေါင်းစားနေတုန်းရွာ
ထဲမှသူငယ်ချင်းများကဆော်တိုင်သိ
ချင်းဆိုရန်လာခေါ်ကြ၏။သူတို့သည်
ယနေ့တွင်အဘိုးတပည့်ကျော်ဂျိုလကြီး
ဖမ်းလာသည့်ဆင်ကြီးအားဆော်ဘိုင်
သီချင်းဆိုချော့ရမည်ဖြစ်သည်။


လူကလေးညနေပြန်
လာရင်မျှစ်ချဉ်ဟင်းချက်ထား
မယ်ဟုပြောလေသည်။ထိုဟင်း
ကားဝေလုအင်မတန်ကြိုက်
သည့်ဟင်းဖြစ်သည်။


လူငယ်များသည်ဆင်ကြီး၏တစ်ကိုယ်လုံးကိုလက်ဖြင့်ပွတ်သပ်ပေးရင်းဆော်တိုင်သီချင်းကိုဆိုရလေသည်။ထိုသီချင်းစာသားမှာအိန္ဒိယဘာသာစကားခန္ဒီးဘာသာစကားတို့ဖြင့်ရောစပ်ထားပြီးသီချင်းအဓိပ္ပါယ်မှာဆင်ကြီးအားသင်သည်တောသဘာဝနှင့်မသက်ဆိုင်တော့ပဲ။လူတို့၏လက်အောက်သို့ကျရောက်နေပြီဖြစ်ကြောင်းသတိပေးစကားပြောခြင်းပင်ဖြစ်သည်။
ထိုနေ့နေ့ခင်းတွင်ဝေလုတို့လူငယ်တစ်သိုက်ခေတ္တနားရင်းရျော်ဂျီကြီးကျွေးသောဆတ်သားနှင့်ထမင်းစားနေခိုက်ရွာသားတစ်ဦးရောက်လာကာ..


ဝေလု..ဝေလု...မင်းအဘိုး ပိုးထိပြီးတောစပ်မှာလဲနေတာ တွေ့လို့ရွာကိုသယ်လာတယ်
သတင်းကြောင့်ဝေလုအိမ်ပြန်ပြေး သွား၏။


အဘိုးတောထဲကို ဘာလို့သွားရတာလဲ
လူကလေးရောက်လာပြီလား။ဆာဒူးကြီးစကားတကယ်မှန်တယ်။အဘိုးရဲ့နောက်ဆုံးအချိန်ရောက်လာပြီ။
လူကလေးစားဖို့မျှစ်သွားခူးတာလေ။အဘိုးမျှစ်ချဉ်ဟင်းချက်မပေးနိုင်တော့ဘူး။ခွင့်လွှတ်ပါကွာ။
အဘိုးသည်ထိုစကားများကိုနောက်ဆုံးပြောကာငြိမ်သက်သွားလေသည်။သူ့ကိုလောကအလယ်တွင် တစ်ကိုယ်တည်းအထီးကျန်စွာထားခဲ့လေပြီ။



အဘိုးသေဆုံးသွားသော်လည်း
အဘိုးပိုင်ဆိုင်သောလယ်မြေများ
ကျန်ခဲ့သဖြင့်လည်းကောင်း၊
အဘိုးပိုင်စွယ်စုံဆင်ကြီးကိုငှား
ရမ်းခြင်းဖြင့်ဝင်ငွေရနိုင်သည့်အ
တွက်ကြောင့်လည်းကောင်း၊ဝေ
လုအတွက်စားဝတ်နေရေးကား
ပူစရာမရှိ၊ထို့ကြောင့်အဘိုးမရှိ
သည့်တဲကလေးတွင်တစ်ကိုယ်
တည်းမနေတတ်သလိုဖြစ်နေ
လေသည်။
ထို့ကြောင့်လူသူကင်းမဲ့ရာတောင်ကွယ်တစ်ခုသို့
သွားကာမိလာရှိကာကြိုးပစ်နည်းကိုလေ့ကျင့်သည်။
ကြာပွတ်ရိုက်နည်းကိုလည်းလေ့ကျင့်သည်။အဘိုး
သည်သူတစ်သက်လုံးရိုက်ခဲ့သောကြာပွတ်အား
အမွေတစ်ခုအဖြစ်ထားရစ်ခဲ့သည်။သို့ဖြင့်သူသည်
ကြာပွတ်ရိုက်နည်းကိုအထူးကျွမ်းကျင်လာလေ
သည်။
ဝေလုသည်အားလပ်ချိန်များတွင်မုဈော်ဂျိုကြီးဆီသွား
ကာဆင်ဖမ်းပညာကိုသင်ယူနေလေသည်။


တစ်နေ့သ၌ဂျော်ဂျီကြီးသည်ဆင်ဖမ်းနဲ့ အတူခေါ်
ဆောင်သွားသည်။ဂျော်ဂျီကသူ့ နောက်တွင်လိုက်
ရမည့်ဆင်နောက်လိုက်နေရာ၌ဝေလုကိုထားလေ
သည်။ထိုနေရာကိုမိုင်အွမ်ဟုခေါ်လေသည်။
ဝေလုသည်ဆင်ဖမ်းအဖွဲ့ တွင်ပထမဆုံးမိုင်အွမ်နေ
ရာရသည့်အတွက်ရင်ခုန်နေသည်။သူသည်ကြိမ်
တောဆူးတောများကိုတိုးလျှိုခံနိုင်ရည်ရှိစေရန်
အဝတ်ထူထူလေးထပ်ထိအောင်ဝတ်ရသည်။ဂျော်
ဂျီလကြီးက..
မင်းကိုဦးအိုက်ပန်ရဲ့
မြေးမို့ အဲဒီနေရာကိုပေး
တာဟုဆိုလေသည်။


တောထဲတွင်ဆင်ရိုင်း၅ကောင်ပါသော
ဆင်အုပ်ကြီးကိုတွေ့ရသောအခါဂျော်ဂျိ
လကြီးကအကြီးဆုံးဆင်ကြီးကိုရွေးချယ်
ဖမ်းရန်အချက်ပြလေသည်။


ဆင်ရိုင်းများသည်ဆင်ယဉ်များကိုတွေ့သောအခါပြေးလေ
သည်။ဆင်ယဉ်များကိုချွန်းနှင့်ထိုးကာဆင်ရိုင်းနောက်လိုက်
စေသည်။သို့သော်ဆင်ရိုင်းကြီးကိုမှီအောင်မလိုက်နိုင်သဖြင့်
ဂျော်ဂျိလကြီးသည်ကြိုးဖြင့်ပစ်ဖမ်းရန်အခက်တွေ့နေသည်။


ကျန်အဖွဲ့တစ်ဖွဲ့မှာလည်းဆင်ရိုင်း
များနောက်လိုက်ရင်းလူစုကွဲသွားကြ
သည်။ရော်ဂျီကြီးသည်အကြိမ်ကြိမ်
ကြိုးကွင်းပစ်ရန်ကြိုးစားသော်လည်း
လွဲချော်နေသည်။သူက..
အဲဒါငါ့အပြစ်ပဲကွ၊အိမ်ဆင်
နဲ့အရွယ်မတူတဲ့ဆင်ကိုရွေးမိလို့
အင်အားခြင်းမမျှဖြစ်နေတာဟုဝေလု
ကိုသင်ခန်းစားပေးလေ၏။
ထို့ကြောင့်နောက်ပြန်လှည့်ရန်ပြင်သော်
လည်းဝေလုက..
ဆက်ပြေး
ပါ၊ကျွန်တော်ကြိုးကွင်းပစ်
ကြည့်ချင်လို့ပါဟု
တောင်းပန်သဖြင့်


ဆင်ရိုင်းနောက်သို့ ဆက်လိုက်လေရာ
နောက်ဆုံးကွင်းပြင်ထဲတွင်ဆင်နှစ်
ကောင်မှာလှမ်းခင်ဖြစ်နေချိန်၌ဝေလု
သည်ကြိုးစား၍ကြိုးကွင်းပစ်လိုက်ရာ
ကြိုးကွင်းသည်ကံအားလျော်စွာဆင်
ရိုင်းလည်ပင်းတွင်စွပ်မိသွားလေသည်။
ဟာမိပြီကွာဝေလုတကယ်လက်
မှန်းကောင်းတယ်တကယ့်မိလာရိုက
အစစ်ပဲဟုအော်လေသည်။
ဒီဆင်ကိုငါးဖမ်းတာမဟုတ်
ဘူးမင်းဖမ်းတာဒီတော့မင်းဟာ
ဖန်ဒီးဖြစ်သွားပြီဟ
ဂျော်ဂျီလကြီးကပြောသည်။


ရွာရောက်သောအခါဝေလုကိုယ်တိုင်ဖန်ဒီးလုပ်၍ဆင်ဖမ်းလာသောသတင်းသည်တစ်ရွာလုံးပျံ့နှံ့သွားလေတော့သည်။
ထိုအချိန်မှစ၍ဝေလုသည်ဖန်ဒီးဘဝရောက်သွားကာဆင်များကိုအကြိမ်ကြိမ်ဖမ်းခဲ့သည်။ဆင်များကိုသူသည်ဈေးနှုန်းချိုချိုသာသာဖြင့်ပင်ဒေသအတွင်းရှိလယ်ယာလုပ်သူများကိုပြန်ရောင်းချခဲ့သည်။
ရွာထိပ်ကမရှန်နန်းတို့အိမ်မှာချစ်ကောက်ပွဲရှိတယ်၊သွားရအောင်


မရှုန်နန်၏ဖခင်သည်လယ်ယာမြေများစွာပိုင်ဆိုင်သောသူဌေးတစ်ဦးဖြစ်ကာစိုက်ပျိုးရေးလုပ်ငန်းအောင်မြင်သဖြင့်ပျော်ပွဲကျင်းပခြင်းဖြစ်သည်။သို့သော်အိမ်ကာကာအဖော်မရှိဘူးဟုအတင်းခေါ်နေသဖြင့်လိုက်လာခဲ့ရလေသည်။
မသွားတော့ပါဘူးကွာ၊ မနက်ဖြန်ခါဆင်ဖမ်းထွက်ရဦးမယ်
အိမ်ဝိုင်းထဲရောက်သောအခါရွာသူမိန်းမပျိုများဝကီကီအကကိုကနေတာတွေ့ရသည်။



အိမ်ဝိုင်းထဲတွင်လူ၇ဝခန့်ရောက်နေကြကာ၊တောဝက်ကြီးနှစ်ကောင်ကိုမီးပုံတွင်ကင်ကာဝိုင်းဖွဲ့စားသောက်နေကြသည်။ကခုန်နေသောမရှန်နန်သည်ဝေလုကိုမြင်သောအခါအကရပ်ပြီးဝေလုဆီလျှောက်လာ၏။သူမကားအလွန်လှ၍ကိုယ်ခန္ဓာတောင့်တင်းကြံ့ခိုင်သူဖြစ်သည်။


အားလုံးထဲမှာ ဘယ်သူကတာအကောင်းဆုံးလဲဝေလု
ထိုအခိုက်လယ်ပိုင်ရှင်သားတူးအောင်ရောက်လာကာ
ရှန်နန်ကတာအကောင်းဆုံးပါပဲ။
ရှန်နန်ဒီမှာဘာလုပ်နေတာလဲ
ဝေလုအိမ်ပိုင်းထဲမဝင်လို့ခေါ်နေတာ
ဝေလုကဖန်ဒီးပဲတောမှာပဲနေချင်တဲ့ကောင် ဝက်ကင်ပွဲနဲ့မပတ်သက်ပါဘူးမင်းဘာလို့ဒီပွဲလာရတာလဲ။
တူးအောင်ကားမောက်မာသူတစ်ဦးဖြစ်သည်။


ငါလဲစိတ်မဝင်စားပါဘူးအိမ်
ကောခေါလို့
ဒါဆိုရင်ပြန်သွား
တော့ဟုမောင်း
ထုတ်နေလေ၏။
သို့သော်ရှန်နန်ကကဲပါ
ဝေလုရှယ်အိမ်ထဲမှာတော
ဝက်သားစားလိုက်ပါအုန်း


တူးအောင်သည်မရှန်နန်းကိုပိုးပန်းနေမှန်းသိသဖြင့်ဝေလုကမရှန်နန်သည်နောက်လိုက်သွားလေသည်။ထို့နောက်သူတို့နှစ်ယောက်ချစ်ကောက်ကြလေသည်။ချစ်ကောက်သည်ဆိုသည်မှာဝါးကျည်တောက်တစ်ခုထဲတွင်ထည့်ထားသောခေါင်ရည်ကိုအတူတူသောက်ပြခြင်းဖြစ်သည်။


အပျိုလူပျိုသောက်ပြပါကနောင်
တစ်ချိန်တွင်ချစ်သူဖြစ်ကြမည့်
သူများဟုယူဆနိုင်သည်။သူတို့
နှစ်ယောက်ကိုကြည့်ကာလီဆူ
ပျိုကလေးများကလက်ခုပ်တီး
ကာအားပေးကြ၏။
ထိုအချိန်တွင်တူးအောင်ကဝါးကျည်
တောက်တစ်ခုယူလာကာသူအနည်းငယ်
သောက်ပြီးမရှန်နန်ကိုလှမ်းပေးရာ
ငါမသောက်ချင်ဘူး
တူးအောင်